### ယမကပါဋိဟာရိယဝန္ဒနာ ဘုရားရှိခိုးဂါထာ ပါဠိအနက်

ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ ဒိဿံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ။

ဒုဋ္ဌာလဒ္ဓိံ မုနိဘိဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

(၁၈-လုံးဖွဲ့ ကုသုမိတလတာဝေလ္လိတာဂါထာ)

ပရဟိတကရော = ဝေနေယျများ သူတပါးတို့ စီးပွါးချမ်းသာ ဖြစ်စိမ့်ငှါလျှင် ဝါလေးဆယ့်ငါး ကာလလျှားအောင် ဘုရားတို့ပြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ်ပြုလုပ်ပြီးပြေတော်မူစေတတ်ထသော။ ယော မုနိန္ဒော = အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ကဏ္ဍမ္ဗမူလေ = ကဏ္ဍာဟူသည် လူအမည်ဖြင့် ဂဏ်ရည်လျှံညီး သရက်ပင်၏အနီး၌။ နိသိန္နော = တိတ္ထိတဝေးရန်အလှေးကို ဝေးရပ်ထို၍ ပြေးစိမ့်မည်ဟု မျှညီယာပိုက်နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံးနေတော်မူလျက်။ အစ္ဆေရံ = မကြုံစဘူး မမြင်ဘူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းတင်းငြာလျက် ဗြဟ္မာမဟဂ္ဂုတ်ဘဝဂ်လျှပ်အောင် လက်ခုပ်ငြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှါ ထိုက်တန်စွာထသော။ ဒိဿံ = ရေအယဉ်ကို ဖန်ဆင်းသည်ကား တကာလ, မီးအလျှံကို ဖန်ဆင်းသည်ကား တကာလ ဤသို့လျှင် ကာလခြားကွာ ဖြစ်တုံပါလည်း ဗြဟ္မာနတ်လူ ဖူးမြင်သူတို့ စွဲယူမှတ်သား "တချိန်တည်း တခဏာတည်းဖြစ်သည်" ဟု အထင်မှားရအောင် လျင်လျားလည်း လျင်လျားစွာထသော။ နယန သုဘဂံ = နတ်လူရှိရှိ ဖူးကြသူမျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းတကြယ် တင့်တယ်သပ္ပါယ်စွာထသော။ ဒုဋ္ဌာ-လဒ္ဓိံ = နိယျာနိက သာသနာမှလျှင် ပြင်ပဗာဟီ ဝိတဏ္ဍီ

တို့ ထိုဥ်မြွေးယှက် မိစ္ဆာအယူတည်းဟူသော ကွန်ရက်ကို ချိုးဖျက်ခြင်းငှါ စွမ်းနိုင်စွာထသော။ မုနိဘိ = ကဿပ မြတ်စွာ အစဖြာသား မဟာပရမေ ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေတို့သည်။ အဇဟိတံ = ဤနေရာ ဤဌာနဝယ် ပြမ်ပြမ် မှန်မလွဲသဖြင့် မစွန့်ဖဲအပ်သော တရားတမျိုး လည်း ဖြစ်ပေထသော။ အာကုလန္တဂ္ဂိဇာလံ ပါဠိဟေရံ = ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော တန်ခိုး ပြာဋိဟာကို။ (ဝါ) အာကုလန္တဂ္ဂိဇာလံ ပါဠိဟေရံ =

(၁) အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အောက် ဖြစ် သော ကိုယ် တော် အ စိတ် မှ ရေ အ ယဉ်။ (တဖန်) အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။

(၂) ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်။ (တဖန်) နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ ရှေ့ဖြစ် သော ကိုယ်တော်အစိတ်မှ ရေအယဉ်။

(၃) လက်ျာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံး တော်မှ ရေအယဉ်။ (တဖန်) လက်ဝဲမျက်လုံးတော်မှ မီးအလျှံ၊ လက်ျာမျက်လုံးတော်မှ ရေအယဉ်။

(၄) လ က်ျာ နား တွင်း တော် မှ မီး အ လျှံ၊ လက် ဝဲ နားတွင်းတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနားတွင်း တော်မှ မီးအလျှံ၊ လက်ျာနားတွင်းတော်မှ ရေအယဉ်။

(၅) လက်ျာနှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲ နှာခေါင်းတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနှာခေါင်း တော်မှ မီးအလျှံ၊ လက်ျာနှာခေါင်းတော်မှ ရေအယဉ်။

(၆) လက်ျာပခုံးတော်မှ မီးအလျှံ၊ လက်ဝဲပခုံးတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲပခုံးတော်မှ မီးအလျှံ၊ လက်ျာ ပခုံးတော်မှ ရေအယဉ်။

(၇) လက်ျာလက်တော်မှ မီးအလျှံ၊ လက်ဝဲ လက်တော်မှ ရေအယဉ်။ (တဖန်)လက်ဝဲလက်တော်မှ မီးအလျှံ၊ လက်ျာလက်တော်မှ ရေအယဉ်။

(၈) လက်ျာနံပါးတော်မှ မီးအလျှံ၊ လက်ဝဲနံပါးတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲနံပါးတော်မှ မီးအလျှံ၊ လက်ျာနံပါးတော်မှ ရေအယဉ်။

(၉) လက်ျာခြေတော်မှ မီးအလျှံ၊ လက်ဝဲခြေတော်မှ ရေအယဉ်။ (တဖန်) လက်ဝဲခြေတော်မှ မီးအလျှံ၊ လက်ျာခြေတော်မှ ရေအယဉ်။

(၁၀) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်။ (တဖန်) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ ရေအယဉ်။

(၁၁) တခုတခုသော မွေးညှင်းတွင်းတော်မှ မီးအလျှံ၊ အခြား တခုတခုသော မွေးညှင်းတွင်းတော်မှရေအယဉ်။

(၁၂) တဆူ တဆူသော မွေးညှင်းတော်မှ မီးအလျှံ၊ အခြား တဆူ တဆူသော မွေးညှင်းတော်မှ ရေအယဉ်——

တသွင်သွင် ပြောင်းလဲ ဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍ မကုန် ရောင်ခြည်တော်ခြောက်ပိုတို့နှင့် တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို။ အကာသိ = တိတ္ထိတဝန်း တက္ကတွန်းတို့ ဦးစွန်းမွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်း

ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ။ သေဋ္ဌံ = ချီးမွမ်းအပ်သူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကြူး အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော။ ပရမ-ရတိဇံ = နှလုံးအာရုံ စွဲမြဲထုံက ဘုံနန်းသီဝ နိဗ္ဗူကျအောင် ဖလကျေးဇူး လွန်ပို့ပျူးသဖြင့် အထူး နှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတဆူ ဖြစ်တော်မူထသော။ ဣဒ္ဓိဓမ္မေဟိ = ဣဒ္ဓိအစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်။ ဥပေတံ = လောကင်္ကုံလုံ ပြည့်စုံတော်မူထသော။ တံ မုနိန္ဒံ = အာဂါရိက စသည်အပြား မုနိများ၏ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ ဝန္ဒေ — ဝန္ဒာမိ = ယမကပါဋိဟာရိယာ ရွှေဘွဲ့သာသည့် အသာခေါရုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုးသဒ္ဒါဖြိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။